ဆွမ်းလုပ်( ဆွမ်းဆုပ် )ကို ကိုက်ဖြတ်၍ မစားကောင်း။
[**အဝစ္ဆေဒက**=ကိုက်ဖြတ်၍။]

**အဝဂဏ္ဍကာရက။** ။ကိုရင်ဗုဒ္ဓရက္ခိတ....မျောက်သတ္တဝါများ သည် အစာစားသောအခါ ပါးစောင်ကို ဖောင်းနေအောင် ထား၍ စားလေ့ရှိကြ၏၊ တချို့လူများလည်း ထိုကဲ့သို့ စားတတ်ကြသည်၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့ မစားကောင်းပါ၊ ခံတွင်းအလယ်မှာ ထား၍ စားရသည်၊ သစ်သီးစားရာ၌ကား ပါးစောင်ကို ဖောင်းနေအောင် ထား၍ စားကောင်းပါ၏။ [အဝ=ယုတ်ညံ့စွာ+ဂဏ္ဍကာရက=ပါးစောင်ကိုပြု၍။]

**ဟတ္ထနိဒ္ဓုနက။** ။ကိုရင် ဗုဒ္ဓရက္ခိတ......တချို့လူများသည် ထမင်းစားသောအခါ လက်ကို ခါ၍ ခါ၍ စားတတ်ကြ၏၊ ရဟန်းသာမဏေတို့မှာ ထိုကဲ့သို့လက်ကို ခါ၍ မစားကောင်း၊ လက်မှာ ပေနေလျှင် ခါလဲ လက်မဖြင့် အသာဖယ်၍ ချရသည်။ [ဟတ္ထ=လက်ကို+ဓုနက=ခါ၍။]

**သိတ္ထာဝကာရက။** ။ကိုရင်ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ ဆွမ်းလုံးများကို ဟိုကြဲ သည်ကြဲနှင့် ကြဲဖြန့်၍ မစားကောင်း]။ [သိတ္ထာဝကာရက=ဆွမ်းလုံးတို့ကို ကြဲဖြန့်၍။]

**ဇိဝှါနိစ္ဆာရက။** ။ကိုရင် ဗုဒ္ဓရက္ခိတ... တချို့မိန်းမများသည် ပါးစပ်နားရောက်လာသော ထမင်းလုပ်ကို လျှာထုတ်၍ ကော်ယူတတ်ကြ၏၊ ရဟန်းသာမဏေတို့ကား ဆွမ်းကိုရင်း ဟင်းကိုရင်း လျှာဖြင့် ထုတ်၍ ကော်မယူကောင်း။
[ဇိဝှါနိစ္ဆာရက=လျှာထုတ်၍။ ]